ငဝ်ႈငၢၼ်း ပႃႇတီႇမႂ်ႇသုင်ၸိုင်ႈတႆး

ရှမ်းပြည်တိုးတက်ရေးပါတီ ဗဟိုဌာနချုပ်

**SHAN STATE PROGRESS PARTY, GENERAL HEADQUARTERS**

E-mail: sspp.hq@gmail.com


# ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော်၏ ဗဟိုကော်မတီ မျက်နှာစုံညီ အစည်းအဝေး ထုတ်ပြန်ကြေညာချက်

၂၀၁၅ခုနှစ်၊ ဇွန်လ(၃၀)ရက်

ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော်၏ ဗဟိုကော်မတီ မျက်နှာစုံညီ အစည်းအဝေးကြီးကို ၂၀၁၅ခုနှစ်၊ ဇွန်လ(၂၆)ရက်နေ့မှ ဇွန်လ(၃၀)ရက်နေ့အထိ ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော်၏ ဗဟိုဌာနချုပ်(ဝမ်ဟိုင်း)တွင် အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးကြီးတွင် နာယကကြီး စဝ်ဆေထင်၊ ဥက္ကဌကြီး စဝ်ပန်ဖ၊ ဒုတိယဥက္ကဌ စဝ်ခေးတိုင်းတို့ ဦးဆောင်ပြီး ဗဟိုကော်မတီဝင်(၂၀)ဦး၊ အရံဗဟိုကော်မတီဝင်(၆)ဦး၊ လေ့လာသူ(၁၄)ဦး၊ စုစုပေါင်း (၄၁)ဦး တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးကြီးတွင် ၂၀၁၄ခုနှစ် နှစ်ချုပ်အစည်းအဝေးမှ ချမှတ်ထားသော နိုင်ငံရေး၊ ငြိမ်းချမ်းရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို တက်ရောက်လာကြသော ဗဟိုကော်မတီဝင်များက အကြေအလည် အပြန်အလှန် သုံးသပ်ပြီး အောက်ပါရှေ့လုပ်ငန်းစဉ်များကို တညီတညွတ်တည်းချမှတ်နိုင်ခဲ့သည်။

(၁) ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတွင် အလိုအပ်ဆုံးသော အရာဖြစ်သည်။ ငြိမ်းချမ်းမှုမရှိလျှင်၊ ၂၀၀၈ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမပြင်လျှင် ဒီမိုကရေစီ မရှင်သန်နိုင်သကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုလည်း မဖြစ်ထွန်းနိုင်ပါ။ မိမိတို့ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော်အနေဖြင့် လက်ရှိဖော်ဆောင်နေသော ငြိမ်းချမ်းရေးဖြစ်စဉ်များကို မိမိတို့ဘဝတူ တိုင်းရင်းသားလက်နက်ကိုင်ညီအစ်ကိုများနှင့်အတူ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

(၂) ယခုအချိန်တွင် လိပ်ခဲတည်းလည်းဖြစ်နေသော တနိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေး စာချုပ်ကို အားလုံးအတူတကွ လက်မှတ်ရေးထိုးနိုင်သည်အထိ ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်သည်။ လက်မှတ်ရေးထိုးပြီးသည်နှင့် နိုင်ငံရေးဆွေးနွေးရေးမူဘောင်ကို ပါဝင်သင့်ပါဝင်ထိုက်သော အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ အများကြည်ညိုလေးစားသော ပုဂ္ဂိုလ်များဖြင့် ဆွေးနွေးညှိနှိုင်းပြီး ထိုမူဘောင်မှတဆင့် နိုင်ငံရေးဆွေးနွေးပွဲသို့ ချီတက်ကာ ပြီးပြည့်စုံသည့် ငြိမ်းချမ်းရေးကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

(၃) ပြည်သူလူထုကို အလုပ်အကျွေးပြု ကျေးဇူးဆပ်သောအားဖြင့် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်သူလူထုနှင့်ပူးပေါင်းကာ အားသွန်ခွန်စိုက် လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

(၄) မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများကို တခြားအဖွဲ့အစည်းများနှင့်ပူးပေါင်း၍သော်လည်းကောင်း၊ မိမိအဖွဲ့အစည်းအတိုင်းအတာအနေဖြင့်သော်လည်း အစွမ်းကုန် တားဆီး၊ တိုက်ဖျက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ဗဟိုကော်မတီ

ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော်